ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နေပြည်တော်စည်ပင်သာယာရေးကော်မတီ

(နှစ်ပတ်လည်မဂ္ဂဇင်းဖြစ်မြောက်ရေးနှင့် ထုတ်ဝေရေးကော်မတီ)

သို့

______________________________

အကြောင်းအရာ။ **ကြော်ငြာများထည့်သွင်းနိုင်ပါရန် ဖိတ်ခေါ်ခြင်း**

၁။ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၏ နှစ်ပတ်လည် အထူးထုတ်မဂ္ဂဇင်းအား ၂၀၁၈ ခုနှစ် ဖွန်လတွင် ပထမဆုံးအကြိမ်ထုတ်ဝေသွားမည်ဖြစ်ရာ မဂ္ဂဇင်းတွင်ကြော်ငြာများ ထည့်သွင်းဖော်ပြနိုင်ရန် ကြော်ငြာခနှုန်းထားများနှင့် သတ်မှတ်ချက်များမှာ အောက်ဖော်ပြပါအတိုင်း ဖြစ်ပါသည်-

(က) ရှေ့/နောက်မျက်နှာဖုံးအတွင်းဖက်စာမျက်နှာတစ်မျက်နှာလျှင် - ၇၀၀,၀၀၀/ (ကျပ်ခုနှစ်သိန်းတိတိ)၊
(ထည့်သွင်းလိုသူတစ်ဦးထက်ပိုပါက ဈေးပြိုင်စနစ်ဖြင့်ဆောင်ရွက်ပါမည်)

(ခ) အတွင်းစာမျက်နှာများ တစ်မျက်နှာလျှင် -၄၀၀,၀၀၀/(ကျပ်လေးသိန်းတိတိ)
(ဦးစွာငွေသွင်းသူကိုကြော်ငြာထည့်သွင်းရန် လက်ခံခြင်းအတည်ပြုမည်ဖြစ်ပြီး သတ်မှတ်အရေအတွက် ပြည့်သည်နှင့် ကြော်ငြာလက်ခံခြင်းအား ရပ်နားသွားပါမည်)

(ဂ) ကြော်ငြာအရွယ်အစားမှာ အနည်းဆုံး A4 စာမျက်နှာ၏ လေးပုံတစ်ပုံ အတိုင်းအတာ ရှိရမည်ဖြစ်ပါသည်၊

(ဃ) ထည့်သွင်းလိုသည့်ကြော်ငြာဓါတ်ပုံနှင့် စာသားအား soft copy ဖြင့် ပေးပို့နိုင်ရေးဆောင်ရွက်ရမည်ဖြစ်ပါသည်၊

(င) ကြော်ငြာဒီဇိုင်းအား လိုအပ်လျှင် ပြန်လည်ပြင်ဆင်ပေးရမည်ဖြစ်ပါသည်၊

(စ) ကြော်ငြာထည့်သွင်းမည့် လုပ်ငန်း/ကုမ္ပဏီသည် နိုင်ငံတော်အစိုးရမှ တရားဝင်ခွင့်ပြုချက်ရရှိပြီးဖြစ်ကြောင်း အထောက်အထား ပူးတွဲပေးပို့ရပါမည်၊

(ဆ) ကြော်ငြာထည့်သွင်းရန်အတွက် ယစ်မျိုးကုန်စည်နှင့် လောင်းကစားဆန်သော လုပ်ငန်းများအား ထည့်သွင်းခြင်းပြုမည်မဟုတ်ပါ၊

(ဇ) ကြော်ငြာထည့်သွင်းခြင်းအား(၂၈.၂.၂၀၁၈)ရက်နေ့ နောက်ဆုံးထား လက်ခံဆောင်ရွက်သွားမည်ဖြစ်ပါသည်၊

၂။ သို့ပါ၍ လူကြီးမင်း၏ ကုမ္ပဏီအား နေပြည်တော်စည်ပင်သာယာရေးကော်မတီ၏ ပထမဦးဆုံးအကြိမ်ထုတ်ဝေမည့် မဂ္ဂဇင်းတွင် ကြော်ငြာများအား သတ်မှတ်စည်းကမ်းများနှင့်အညီ ထည့်သွင်းလိုပါက ထည့်သွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

**ဆက်သွယ်ရန်- ၀၆၇– ၈၁၀၈၂၀၅**

မဂ္ဂဇင်းဖြစ်မြောက်ရေးနှင့်ထုတ်ဝေရေးကော်မတီ

မိတ္တူကို

လက်ခံစာတွဲ

မျှောစာတွဲ